## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁ / ၂၀၂၃)  ၂၀၂၃ ခုနှစ်၊ မတ်လ(၃၀) ရက်

| ၃၀-၃-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၂၈၁.၂ |
| စင်္ကာပူဒေါ်လာ | ၁၅၈၀.၅ |
| စတာလင်ပေါင် | ၂၅၉၂.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၅၈၀.၈ |
| တရုတ်ယွမ် | ၃၀၅.၁၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၅.၅၅၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၁.၄၆ |
| မလေးရှား ရင်းဂစ် | ၄၇၄.၈၄ |
| ဖိလစ်ပိုင်ပီဆို | ၃၈.၆၂၁ |
| ထိုင်းဘတ် | ၆၁.၃၃၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၄၃၈ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံ၊ Tianjin မြို့တွင် နိုင်ငံတကာမျိုးစေ့ပြပွဲကို ကျင်းပခဲ့ခြင်း

- **အထွေထွေသတင်းများ**

➢ ရေနံစိမ်းအတွက် ရေရှည်တွင်အပြုသဘောဆောင်သော ဈေးကွက်မျှော်လင့်ချက်များရှိနေ

➢ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်တက်လာခြင်း

➢ ကောင်းမွန်သောမူဝါဒများက တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုနှင့် နိုင်ငံတကာကုန်သွယ်မှုတို့ကို မြှင့်တင်ရန် ရည်ရွယ်လျက်ရှိ

## တရုတ်နိုင်ငံ၊ Tianjin မြို့တွင် နိုင်ငံတကာမျိုးစေ့ပြပွဲကို ကျင်းပခဲ့ခြင်း

မျိုးစေ့လုပ်ငန်းတွင် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုကိုမြှင့်တင်ရန် တရုတ်နိုင်ငံမြောက်ပိုင်း Tianjin မြို့၌ ၁၈-၃-၂၀၂၃ ရက်နေ့တွင် နိုင်ငံတကာ မျိုးစေ့ပြပွဲတစ်ခုကို ကျင်းပခဲ့ကြောင်း သိရှိရသည်။

၁၄ ကြိမ်မြောက် တရုတ်နိုင်ငံတကာမျိုးစေ့ပြပွဲ(The 14th China International Seed Expo) ၌ ပြခန်းဧရိယာ စတုရန်းမီတာ ၂၀,၀၀၀ ကျော်ပါဝင်ပြီး မျိုးစေ့ထုတ်ကုန်အမျိုးမျိုးနှင့် မျိုးစေ့ထုတ်လုပ်မှုနှင့်ဆက်စပ်သည့် အဆင့်မြင့်နည်းပညာများကို ပြသခဲ့ကြောင်း၊ အဆိုပါ (၃) ရက်တာကျင်းပခဲ့သည့် ပြပွဲသို့ ကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် အဖွဲ့အစည်းများ ၁,၂၀၀ ကျော်အပြင် မျိုးစေ့ထုတ်လုပ်သူများလည်း ပါဝင်ခဲ့ကြကြောင်း သိရှိရသည်။

ဇီဝဗေဒဆိုင်ရာ မျိုးပွားမှုလုပ်ငန်းများ၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု အကာအကွယ်ပေးရေးနှင့် အခြားအကြောင်းအရာများနှင့်စပ်လျဉ်းသည့် ဖိုရမ်များကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်အင်ဂျင်နီယာအကယ်ဒမီ၏ ပညာရှင်တစ်ဦးက တရုတ်နိုင်ငံအနေဖြင့် အခြေခံအစားအစာနှင့် ကောက်ပဲသီးနှံများ လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံတွင် ဆန်နှင့် ဂျုံတစ်ယူနစ် ထုတ်လုပ်နိုင်မှုမှာ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှထုတ်လုပ်နိုင်မှုထက် ပို၍မြင့်မားနေပြီဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသည် မျိုးစေ့လုပ်ငန်းတွင် တရုတ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပြီး ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အတွေးအခေါ်များ ဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် စင်္ကြံတစ်ခုကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

…………………………………………………………………

## ရေနံစိမ်းအတွက် ရေရှည်တွင် အပြုသဘောဆောင်သော ဈေးကွက်မျှော်လင့်ချက်များရှိနေ

နိုင်ငံတကာ ရေနံစိမ်းဈေးနှုန်းသည် ညတွင်းချင်း ကျဆင်းသွားခဲ့ပြီး တရုတ်နိုင်ငံတွင် မတ်လ ၁၅ ရက်နေ့၌ ရေနံစိမ်းတစ်စည်၏ ဈေးနှုန်းမှာ ၅၂၈.၅ ယွမ် ရှိခဲ့ကြောင်း သိရှိရသည်။ နိုင်ငံတကာ ရေနံစိမ်းဈေးနှုန်းအတွက် စံသတ်မှတ်ချက်တစ်ခုဖြစ်သော အမေရိကန်နိုင်ငံ၊ West Texas

Agribusiness & Trade

Intermediate (WTI) ၏ အရောင်းအဝယ်စာချုပ်ဈေးနှုန်းသည် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၁.၃၃ ဖြစ်ခဲ့ပြီး ယခင်ထက် အမေရိကန်ဒေါ်လာ ၃.၄၇ သို့မဟုတ် ၄.၆ % ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

အကျိုးဆက်အနေဖြင့် INE (Shanghai International Energy Exchange) ဈေးကွက်သည် ၁၅ ရက်အတွင်း ကျဆင်းခဲ့ပြီး ရေနံစိမ်းတစ်စည်လျှင် ၅၂၈.၅ ယွမ် ၊ (၁.၁၈%) ကျဆင်းခဲ့ကြောင်း၊ ထိုသို့ ရေနံစိမ်းဈေးနှုန်းကျဆင်းရခြင်းမှာ အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စုရှိ ဘဏ်များပြိုလဲခြင်း၏ အကျိုးသက်ရောက်မှုအပြင် အမေရိကန်ပြည်ထောင်စုတွင် ငွေကြေးဖောင်းပွမှုကြောင့်လည်း ဖြစ်ကြောင်း၊ နောက်ဆက်တွဲအဖြစ် ဈေးကွက်တွင် ဘဏ္ဍာရေးဆိုင်ရာ စွန့်စားမှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေပြီးနောက် ရေနံစိမ်းဝယ်လိုအားကို လျော့နည်းစေခဲ့ကြောင်း သိရှိရပါသည်။

ရေနံစိမ်းဈေးနှုန်းကျဆင်းစေမည့် ဖိအားသည် မကြာမီအနာဂတ်တွင် အတော်လေးပြင်းထန်လာမည်ဟု ခန့်မှန်းရပြီး အမေရိကန်ပြည်ထောင်စုတွင် ဘဏ္ဍာရေးဆိုင်ရာ စွန့်စားမှု (financial risk) ကို ကာလတိုအတွင်း မဖြေရှင်းနိုင်ပါက ရေနံစိမ်းဈေးနှုန်းသည် အကျပိုင်းတွင် ဆက်လက်ရှိနေမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ရေနံစိမ်းထုတ်လုပ်ရောင်းချမှုအပိုင်းသည် အတော်အတန် တည်ငြိမ်နေကာ ရေနံထုတ်လုပ်တင်ပို့သည့်နိုင်ငံများ (OPEC) က ၎င်း၏ ထုတ်လုပ်မှုလျှော့ချရေးမူဝါဒကို ဆက်လက်ထိန်းသိမ်းထားသဖြင့် ရောင်းလိုအားပိုင်း၌ စိန်ခေါ်မှုများကို ထိန်းချုပ်နိုင်သည့်အနေအထား၌ ရှိနေကြောင်း သိရှိရသည်။

ကာလလယ်မှ ကာလရှည်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားပြန်လည် ကောင်းမွန်လာမည်ဟု မျှော်လင့်ရပြီး ရေနံစိမ်းဈေးကွက်အတွက် အရေးပါသောအထောက်အပံ့တစ်ခုဖြစ်ကြောင်း သိရှိရသည်။ ယေဘုယျအားဖြင့် ရေနံစိမ်းဈေးကွက်သည် မကြာမီအနာဂတ်တွင် ဆက်လက်၍ မတည်မငြိမ်ဖြစ်နေနိုင်သော်လည်း ကာလလယ်နှင့်ရေရှည်အတွက် ကောင်းမွန်သော မျှော်လင့်ချက်များ ရှိနေဆဲဖြစ်ကြောင်း သိရှိရသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

..............................................................

## ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်တက်လာခြင်း

ပဏာမတွက်ချက်မှုများအရ ၂၀၂၂ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ GDP သည် ၁၂၁.၀၂ ထရီလီယံယွမ်ရှိခဲ့ပြီး တစ်နှစ်လျှင် ၃.၀ % တိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၌ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုတို့တွင် အပြုသဘောဆောင်သော ရလဒ်ကောင်းများကို ရရှိခဲ့ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် (၃)နှစ်တာကာလအတွင်း တရုတ်နိုင်ငံ၏ ပျမ်းမျှ GDP တိုးတက်မှုနှုန်းသည် ၄.၅% ရှိခဲ့ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် GDP တိုးတက်မှုနှုန်းသည် ၁.၈ %၊ အမေရိကန်ပြည်ထောင်စုသည် ၁.၆ %၊ ဥရောပနိုင်ငံများသည် ၀.၇% နှင့် ဂျပန်သည် (-၀.၃%) သာ အသီး သီးရှိခဲ့ပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် သီးနှံထွက်ရှိမှုစုစုပေါင်း တန်ချိန် ၆၈၆.၅၃ သန်း ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ထက် တန်ချိန် ၃.၆၈ သန်း ပိုမိုထွက်ရှိခဲ့ပါသည်။ အဆင့်မြင့်နည်းပညာ ထုတ်လုပ်မှုအနေဖြင့် ၇.၄ % နှင့် စက်ကိရိယာထုတ်လုပ်မှုတွင် ၅.၆ % အသီးသီးတိုးတက်ခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍ၌လည်း ပြန်လည်ကောင်းမွန်လာပြီး ၂.၃% တိုးတက်လာခဲ့ပါသည်။ ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် သတင်းအချက်အလက်နည်းပညာဝန်ဆောင်မှုများမှာ ၉.၁% ၊ ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများသည် ၅.၆ % အသီးသီးတိုးတက်မှုရှိခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ပြည်ပကုန်စည်ကုန်သွယ်မှုမှာ ယွမ် ၄၂.၀၇ ထရီလီယံရှိခဲ့ပြီး ၇.၇ % တိုးတက်ခဲ့ကြောင်း၊ စက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်းကုန်သွယ်မှုမှာ ၂.၅% တိုးတက်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှု၏ ၄၉.၁% ရှိခဲ့ကြောင်းနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးမှာ ယွမ် ၅.၉၈ ထရီလီယံရှိခဲ့ပြီး ၁၂.၉% တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

အလားတူ Consumer price index (CPI) လည်း ၀.၂ % မြင့်တက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် အလုပ်အကိုင်ရရှိမှုမှာ တည်ငြိမ်နေခဲ့ပြီး မြို့ပြတွင် အလုပ်အကိုင်အသစ်ခန့်ထားနိုင်မှုမှာ ၁၂.၀၆ သန်း ရှိခဲ့သဖြင့် နှစ်စဉ်ရည်မှန်းချက်ဖြစ်သည့် ၁၁ သန်းကို ကျော်လွန်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးတိုးတက်မှုနှင့်အတူ ပြည်တွင်းနေထိုင်သူများ၏ ဝင်ငွေမှာလည်း တိုးတက်လာခဲ့ပြီး တစ်ဦးချင်းဝင်ငွေမှာလည်း ၃၆၈၈၃ ယွမ်ရှိခဲ့ကြောင်း၊ စီးပွားရေးတိုးတက်လာခြင်းနှင့်အတူ မြို့ပြဖြစ်ထွန်းမှုနှုန်းမှာလည်း မြင့်တက်လာကြောင်း၊ ထို့ကြောင့် ခြုံငုံသုံးသပ်ရပါက ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရလဒ်ကောင်းများရရှိခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

Agribusiness & Trade

## ကောင်းမွန်သောမူဝါဒများက တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုနှင့် နိုင်ငံတကာကုန်သွယ်မှုတို့ကို မြှင့်တင်ရန် ရည်ရွယ်လျက်ရှိ

နယ်စပ်ဒေသနှင့် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကို ပွင့်လင်း၍အဆင့်မြင့်သော စကြံများအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်မှုများသည် တရုတ်နိုင်ငံ၏ ကုန်စည်နှင့်ဝန်ဆောင်မှု ကုန်သွယ်ရေးနှစ်မျိုးစလုံး ကြီးထွားလာစေရန်နှင့် လာမည့်နှစ်တွင် တရုတ်ငွေကြေးအား နိုင်ငံတကာသုံးငွေကြေးဖြစ်လာစေရန် လှုံ့ဆော်ပေးနိုင်ဖွယ်ရှိကြောင်း ကုန်သွယ်ရေးကျွမ်းကျင်သူများက မတ်လ ၁၇ ရက်နေ့က ပြောကြားခဲ့ကြောင်း သိရှိရသည်။

အစိုးရသည် နယ်စပ်ဒေသနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များနှင့် ပတ်သက်သည့် အစီအစဉ်နှင့်လုပ်ဆောင်ချက်များကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားသော အစီအမံ ၁၅ ခု ပါဝင်သည့် ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီအမံများတွင် ဇုန်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဇုန်များကို တိုးချဲ့ခြင်းများ ပါဝင်ကြောင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အွန်လိုင်းကြေငြာချက်တစ်ခုတွင် ဖော်ပြခဲ့သည်။

နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ဆက်နွယ်သောဝန်ဆောင်မှုများ၊ ထောက်ပံ့ပို့ဆောင်ရေးစသည့်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တရုတ်အစိုးရသည် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ပို့ဆောင်မှုများနှင့် အရင်းအနှီးများ လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်စေရန်နှင့် Regional Comprehensive Economic Partnership agreement အား အောင်မြင်စွာ အကောင်အထည်ဖော်စေရန် အပါအဝင် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုကိုတိုးချဲ့ရန် အဆိုပါဇုန်များကို တွန်းအားပေးဆောင် ရွက်လျက်ရှိကြောင်း သိရှိရသည်။

နယ်စပ်ဒေသနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များသည် တရုတ်နိုင်ငံအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာလာစေမည့် အဓိကစကြံများဖြစ်သည့်အပြင် Belt and Road Initiative (BRI) ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ထောက်ပံ့ပေးကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ၎င်း၏ စက်မှုလုပ်ငန်းကဏ္ဍကို အဆင့်မြှင့်တင်ပြီး နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်မှုများသည် ၂၀၂၃ ခုနှစ်တွင် ၎င်း၏ နိုင်ငံခြားကုန်သွယ်မှုကို ကြီးထွားလာစေရန်အတွက် ပိုမိုကောင်းမွန်သော အခြေအနေများကို ဖန်တီးပေးလိမ့်မည်ကြောင်း သိရှိရသည်။

Agribusiness & Trade

တရုတ်နိုင်ငံသည် ရုရှား၊ ဗီယက်နမ်၊ လာအိုနှင့် ကာဇက်စတန်ကဲ့သို့သော နိုင်ငံအတော်များများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသဖြင့် နယ်စပ်ကုန်သွယ်မှုကို မြှင့်တင်ပေးခြင်းက Belt and Road Initiative (BRI) ကို ပိုမိုအားကောင်းလာစေရုံသာမက တရုတ်ပြည်တွင်းနှင့် ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းပေးလိမ့်မည်ဖြစ်ကြောင်း ကွမ့်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ ကွမ်ရှီးတက္ကသိုလ်၏ တရုတ်-အာဆီယံ ပူးပေါင်းဆန်းသစ်တီထွင်ရေးဗဟိုဌာနမှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်အစိုးရ၏ ဆောင်ရွက်ချက်များတွင် ဆန်းသစ်သော စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများတိုးချဲ့ခြင်း၊ ထုတ်လုပ်မှုတိုးမြှင့်ခြင်းနှင့် နယ်စပ်နှင့် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ၏ ဖွဲ့စည်းပုံများကို အဆင့်မြှင့်တင်ခြင်းတို့လည်း ပါဝင်ကြောင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါလုပ်ဆောင်ချက်များမတိုင်မီ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နယ်စပ်ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် တရုတ်ငွေကြေးယွမ်ဖြင့် ငွေပေးချေခြင်းနှင့် ပို့ကုန်ပစ္စည်းကြေညာခြင်းကို ရိုးရှင်းလွယ်ကူစေခြင်းအပြင် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကုန်စည်ဈေးများနှင့် စီးပွားရေးစင်တာများ တည်ဆောက်ခြင်းအပါအဝင် အစီအမံအချို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယခုနှစ်တွင် ထုတ်ပြန်သည့် အစိုးရ၏ အစီရင်ခံစာအရ တရုတ်နိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှုပုံစံအသစ်များကို ဖွံ့ဖြိုးတိုးတက်စေခဲ့ကြောင်း၊ လွန်ခဲ့သော (၅)နှစ်ကျော်အတွင်း နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးအတွက် စမ်းသပ်ဇုန်အသစ် ၁၅၂ ခု တည်ဆောက်ခဲ့ပြီး ပင်လယ်ရပ်ခြား ကုန်လှောင်ရုံများ တည်ဆောက်ခြင်းကို ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

Source: https://www.sunsirs.com/commodity-news/petail-11594.html

https://www.sunsirs.com/commodity-news/petail-11594.html

www.chinadaily.com.cn

https://global.chinadaily.com.cn/a/202303/19/WS64164501a31057c47ebb5413.html

https://global.chinadaily.com.cn/a/202303/06/WS64058f06a31057c47ebb2880.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

……………………………………………………………………………………